# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၃၁)ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၃း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၃း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၀၃။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၈၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ ကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။ ဦးထွန်းဇော် (ခ) ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ နေမကောင်း၊ ဦးနိုန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် အစည်းအဝေး ပြီးသည်အထိ၊ ဦးမင်းမျိုးတင့်လွန်၊ ကရင်(၁၀)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးထွန်းကျော်၊ ရှမ်း(၁၀)။ ရိုးရာစာပေနှင့် ယဥ်ကျေးမှုညီလာခံ၊ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ဒေသကိစ္စ၊ ဒုတိယ ဗိုလ်မှူးကြီးဇော်မိုး၊ တပ်မတော်၊ ကျန်းမာရေး၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ သွားရောဂါ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၂၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## သူနာပြုသားဖွား သင်တန်းဆင်းပြီးသော သင်တန်းသူများအား အလုပ်ခန့်ထားပေးခြင်း မရှိသည့်ကိစ္စ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၊ သူနာပြုသားဖွား သင်တန်းဆင်းပြီးသော သင်တန်းသူများအား အလုပ်ခန့်ထားပေးခြင်း မရှိသည့်ကိစ္စ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၈။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့်တကွ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ သူနာပြုသားဖွားသင်တန်းဆင်းပြီး (၁၀)နှစ်ကြာပြီ ဖြစ်သော်လည်းပဲ အလုပ်ခန့်ထားပေးခြင်းမရှိတဲ့ ကိစ္စနဲ့ ပတ်သက်လို့ မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ တက်ဝန်ကျေးရွာအုပ်စု တက်ဝန်မြောက် ကျေးရွာနေ အဖ ဦးမျိုးညွန့် ၏ သမီးဖြစ်သူ မဖြူဖြူစိုး ဟာ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံဦးစီးဌာနက ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၂ ရက်တွင် ကျင်းပတဲ့ သားဖွားနောက်ဆုံးနှစ် စာမေးပွဲကို ခုံအမှတ် ၅၃၃ ဖြင့် မကွေးသူနာပြုသားဖွား သင်တန်းကျောင်းမှ အောင်မြင်ပြီး ဖြစ်ပါတယ်။ ကာယကံရှင်နဲ့ ၎င်းရဲ့ မိဘများရဲ့ တင်ပြချက်အရ သင်တန်းဆင်းပြီး အလုပ်ခန့်စာ ယခုထိ မရရှိသေးကြောင်း ဆက်သွယ်ရန် လိပ်စာ ပေးထားသော်လည်း ဆက်သွယ်မှု မရှိခဲ့ပါကြောင်း ၎င်း၏ အပတ်စဉ်မှ သင်တန်းသူများ အလုပ်ရရှိသွားသော်လည်း ၎င်းအနေဖြင့် အလုပ် မရရှိသေးကြောင်း၊ ၎င်းတို့၏ အပတ်စဉ်နောက်မှ သင်တန်းဆင်းသော သူများပင် အလုပ်ရရှိပြီဖြစ်ကြောင်း တင်ပြချက်အရ သိရှိရပါတယ်။ မဖြူဖြူစိုး ရဲ့ နောက်မှ သင်တန်းဆင်း သားဖွားဆရာမ အခြားသူတစ်ဦးဦးထံ

မေးမြန်းစုံစမ်းကြည့်တဲ့အခါမှာတော့ ၎င်းတို့သည်လည်း သင်တန်းဆင်းပြီး (၅)နှစ်အကြာမှ အလုပ် ရရှိကြောင်း လေ့လာ တွေ့ရှိရပါတယ်။

သို့ပါ၍ မဖြူဖြူစိုး အား အလုပ်ခန့်ထားပေးနိုင်ပါရန်နှင့် သင်တန်းဆင်းပြီး (၁၀)နှစ်ကြာပြီ ဖြစ်သော်လည်း ဘာကြောင့် အလုပ် မခန့်ခြင်းဖြစ်သည်၊ သင်တန်းဆင်းပြီးသော သင်တန်းသားများအား မည်သည့်အတွက်ကြောင့် (၅)နှစ်ကြာမှ အလုပ်ခန့်ထားရသည် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မည်သို့သော စီမံချက်ရှိပြီး မည်သည့်စနစ်ဖြင့် အလုပ်ခန့်ထားပေးသည်ကို သိရှိလိုတဲ့အတွက် ပြည်သူများ သိရှိနိုင်ရန်နှင့် သင်တန်းသူများ အကျိုးငှာ ကာယကံရှင်ရဲ့ သားဖွား အောင်လက်မှတ်မိတ္တူနှင့်အတူ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာတွင် တိုက်နယ်ဆေးရုံ (သို့မဟုတ်) ကျေးလက်ကျန်းမာရေး ဌာန ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာတွင် တိုက်နယ်ဆေးရုံ (သို့မဟုတ်) ကျေးလက်ကျန်းမာရေး ဌာန ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးဝမြို့နယ်၊ သစ်ချောက် ကျေးရွာနဲ့ပတ်သက်ပြီး ကျွန်တော် မေးမြန်းမှာ ဖြစ်ပါတယ်။

ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာဟာ အိမ်ခြေ(၅၅၀) ရှိတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံမှာ တစ်ခုတည်းသော ကျောက်မီးသွေးထုတ်လုပ်ခဲ့တဲ့

နေရာလည်း ဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနရဲ့ သစ်ချောက်ကျောက်မီးသွေး စီမံကိန်း အမည်နဲ့ ကျောက်မီးသွေး တူးဖော်ထုတ်လုပ်စဉ်က ဌာနပိုင်ဆေးရုံရှိခဲ့ပြီး ဆရာဝန်နဲ့ ဝန်ထမ်းအပြည့်အဝဖြင့် ကျန်းမာရေးဝန်ဆောင်မှု ပေးခဲ့ပါတယ်။ သတ္တုတွင်းဌာနပိုင် ကျောက်မီးသွေးလုပ်ငန်းကို ရပ်ဆိုင်းလိုက်ပြီး ကုမ္ပဏီများသို့ လွှဲအပ်လိုက်ပြီး လွှဲအပ်လိုက်တဲ့ အခါမှာ ဆေးရုံကိုလည်း ဖွင့်လိုက်ပါတယ်။

မြို့နယ်ထဲမှာ အကြီးဆုံးရွာကြီးတစ်ရွာဖြစ်သော်လည်း ကျန်းမာရေး စောင့်ရှောက်မှု လုံးဝ ပျောက်ကွယ်သွားရပါတယ်။ ကျေးရွာရဲ့ ကျန်းမာရေးအတွက် ရမ်းကုများ၊ မြန်မာဗိန္ဒော ဆရာများကိုသာ အားကိုးနေရသည့်ဘဝသို့ ရောက်ရှိသွားပါတယ်။ ဌာနပိုင် သတ္တုတွင်းလုပ်ငန်း မရှိတော့သော်လည်း သစ်ချောက်ရွာနှင့် အနီးတစ်ဝိုက်မှာ ကုမ္ပဏီ(၃)ခုက ကျောက်မီးသွေးတွင်း များနဲ့ အကြီးအကျယ် ကျောက်မီးသွေး ထုတ်လုပ်ပါတယ်။ ယခင်ကျောက်မီးသွေးလုပ်ငန်းမှ ဝန်ထမ်းမိသားစုများ ပင်စင်စားများလည်း ကျန်ရှိနေတဲ့အတွက် လူဦးရေဟာ လျော့မသွားဘဲ ယခင်ကထက်ပင် ပိုမိုတိုးပွားလာတာကို တွေ့ရှိရပါတယ်။ သက်ချောက်ကျေးရွာက ရွာသူ၊ ရွာသားများဟာ ကျွန်တော့်ကို ကူညီတောင်းခံလာတဲ့အတွက် သူတို့ကျေးရွာရဲ့ တင်ပြတဲ့စာပါ ပူးတွဲပြီး တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သစ်ချောက်ကျေးရွာတွင် တိုက်နယ်ဆေးရုံ (သို့မဟုတ်) ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၃း၁၂။**

**ဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာနေ့လယ်ခင်းပါလို့ ကျွန်မ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျန်းမာရေးနှင့် ပတ်သက်သော မေးခွန်းများနှင့်ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စ

ဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်း ဖြစ်သည့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ၏ မေးခွန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သူနာပြုသားဖွားသင်တန်းဆင်းများအား နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်ထားရာတွင် ကျန်းမာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်၍ သင်တန်းတက်ရောက် ခွင့်ပြုခဲ့သောသူများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လစ်လပ်နေရာများတွင် သင်တန်းဆင်း နှစ်အလိုက် သင်တန်းဆင်းစာမေးပွဲတွင် ရမှတ် အနည်းအများအလိုက် ၎င်းတို့သင်တန်းတက် ရောက်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းမှာ ဦးစားပေးပြီးတော့ ခန့်ထားရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုနှင့်သားဖွားသင်တန်း ကျောင်းများသို့ တပ်ရင်းတပ်ဖွဲ့ ဆေးခန်းများတွင်လည်းကောင်း၊ အဖွဲ့အစည်းများတွင်လည်းကောင်း ခန့်အပ်တာဝန် ပေးနိုင်ရေးအတွက် အထူးကိစ္စရပ်အနေဖြင့် သင်တန်းတက်ရောက်ခွင့်ပြုပါရန် ညှိနှိုင်းချက်များအရ သင်တန်းတက်ရောက်ခွင့် ပြုခဲ့ခြင်းများ ရှိပါတယ်။

အထူးကိစ္စရပ်များ အနေဖြင့် တပ်ရင်းတပ်ဖွဲ့ အဖွဲ့အစည်းကိုယ်စားပြု တက်ရောက်အောင်မြင်ခဲ့သော သင်တန်းဆင်းများကို မူလညှိနှိုင်းခဲ့သည့် အဖွဲ့အစည်းများက ခန့်ထားတာဝန်ပေးအပ်ခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် ခန့်ထားပေးနိုင်ပါရန် ညှိနှိုင်းလာခဲ့မှုများရှိပါက ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းအဖြစ် ခန့်ထားပေးလျက်ရှိပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ခြေလျင်၊ ခြေမြန် လက်ရုံးဝန်ထမ်းများ၌ သားဖွားဆရာမများ လိုအပ်လျက်ရှိသောကြောင့် အမြန်ဆုံး ဖြည့်တင်းပေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဆေးသိပ္ပံပညာဦးစီးဌာနအောက်မှာရှိတဲ့ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်းများမှာ ဖွင့်လှစ်ခဲ့တဲ့ ဘက်စုံသားဖွား(၁၈)လသင်တန်းများမှာ ကာကွယ်ရေးဝန်ကြီးဌာနမှ ရွေးချယ်စေလွှတ်သော အမျိုးသမီးများ သင်တန်းသူများအား သင်တန်း တက်ရောက်ခွင့်ရရှိရေး ဆောင်ရွက်ပေးခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ ဗဟိုသားဖွားသင်တန်းကျောင်း(ရန်ကုန်)၊ မန္တလေးသူနာပြုတက္ကသိုလ်၊

မကွေးသူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ မြစ်ကြီးနား သားဖွားသင်တန်းကျောင်းတို့မှ ကာကွယ်ရေးဝန်ကြီးဌာနမှ သင်တန်းသူ(၃၀)ဦး သင်တန်းတက်ရောက်ခွင့် ရရှိသည့်အနက် သင်တန်းတက်ရောက်သူ (၂၉)ဦးရှိပြီး သင်တန်းပြီးသောအခါ ၎င်း(၂၉)ဦးအား သင်တန်းတက်ရောက်ရန် ၎င်းတို့ လျှောက်လွှာ သွင်းတင်ခဲ့သည့် တိုင်းစစ်ဌာနချုပ်နယ်မြေများအတွင်းရှိ သားဖွား ဆရာမ လစ်လပ်လျက်ရှိသော တပ်ရင်းတပ်ဖွဲ့များသို့ တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် နေရာချ ထားပေးခဲ့ပါတယ်။ ထိုသို့ နေရာချထားပေးခဲ့ရာမှာ သားဖွားဆရာမ (၂၂)ဦးသည် မိမိတာဝန် ထမ်းဆောင်ရမည့် တပ်ရင်းတပ်ဖွဲ့များသို့ သွားရောက်သတင်းပို့ခဲ့ကြသော်လည်း ကျန် (၇)ဦး အနေဖြင့် တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့များသို့ သတင်းပို့ရန် ပျက်ကွက်ခဲ့သဖြင့် သက်ဆိုင်ရာ ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ အကြိမ်ကြိမ် ဆက်သွယ်ခေါ်ယူသော်လည်း ဆက်သွယ်၍ မရခြင်း၊ အချို့မှာ တာဝန်ရှောင်လွှဲလိုသော သဘောဖြင့် ရှောင်တိမ်းနေခြင်း တို့ကြောင့် တာဝန် ပေးအပ်ခန့်အပ်နိုင်ခြင်း မရှိပါသောကြောင့် ၂၀၀၂ ခုနှစ်မှစ၍ ဆေးသိပ္ပံပညာဦးစီးဌာနမှ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ သင်တန်းသူများ စေလွှတ်သင်ကြားခြင်း မပြုတော့ဘဲ ဗဟိုဆေးတပ်၌ ဘက်စုံသားဖွား (၁၈)လသင်တန်းများကို သင်တန်း အစမှအဆုံးအထိ မိမိတပ် အစီအစဉ်ဖြင့်သာ တာဝန်ယူလေ့လကျင့်သင်ကြားပေးခဲ့ပြီး ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ သင်တန်းဆင်း သားဖွားဆရာမများအား တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ သားဖွားဆရာမ လစ်လပ်လျက်ရှိသော တပ်ရင်းတပ်ဖွဲ့များမှာ နေရာခန့်ထား ပေးလျက်ရှိပါတယ်။ မေးခွန်းတွင် ပါရှိသည့် မဖြူဖြူစိုး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၈/နမန(နိုင်)၀၉၃၂၅၆ အဘ ဦးမျိုးညွန့် သည် ကာကွယ်ရေးဝန်ကြီးဌာနက ညှိနှိုင်းချက်အရ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် အင်အားအနေဖြင့် မကွေးမြို့ သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းမှာ သားဖွားသင်တန်းသူ တက်ရောက်ခွင့် ရှိခဲ့သူဖြစ်ပြီး ၁၂-၇-၂၀၀၂ ရက်နေ့တွင် ကျင်းပသည့် သားဖွားနောက်ဆုံးနှစ် စာမေးပွဲကို ခုံအမှတ် ၅၃၃ ဖြင့် အောင်မြင်ခဲ့သူဖြစ်ပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသည် ၁၅-၁၂-၂၀၀၄ ရက်နေ့တွင် မဖြူဖြူစိုး အပါအဝင် ခန့်အပ်ရန် ကျန်ရှိသည့် သားဖွားဆရာမ (၆)ဦးအား တြိဂံဒေသ တိုင်းစစ်ဌာနချုပ်သို့ ခန့်အပ်မည့် တပ်အမည်၊ လျာထားစာရင်းနှင့်အတူ ဆက်သွယ် စုံစမ်းခန့်ထားရန် အကြောင်းကြားခဲ့ပြီး သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များသို့ ဆက်လက်

အကြောင်းကြား ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းအပြင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသည် မဖြူဖြူစိုးအား တာဝန်ချသည့် တပ်ရင်းသို့ ၁၅-၃-၂၀၀၅ ရက်နေ့တွင် ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါတယ်။ တြိဂံဒေသတိုင်းစစ်ဌာနချုပ်သည် မကွေးမြို့ရှိ နယ်မြေခံ တပ်မဌာနချုပ်သို့ မကွေးမြို့၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် တက်ရောက် အောင်မြင်ပြီးသူ မဖြူဖြူစိုး အား သားဖွားအဖြစ် ခန့်အပ်နိုင်ရေးအတွက် လွှတ်တော် ကိုယ်စားလှယ်ကြီး၏ မေးခွန်းစာပါအတိုင်းဖြစ်သော ၎င်း၏လိပ်စာ၊ တက်ဝန်းမြောက် ကျေးရွာ၊နတ်မောက်မြို့နယ်အား ဆက်လက်ပေးပို့ အကြောင်းကြားပြီး သက်ဆိုင်ရာဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များက အကြိမ်ကြိမ် ဆက်သွယ်ခေါ်ယူသော်လည်း ဆက်သွယ်၍ မရခြင်း၊ သတင်းပေးပို့မှု မရှိခြင်း တို့ကြောင့် မဖြူဖြူစိုး အား တာဝန်ပေး ခန့်အပ်နိုင်ခြင်း မရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကာကွယ်ရေးဝန်ကြီးဌာန၏ညှိနှိုင်းချက်အရ မကွေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် အထူးကိစ္စရပ်ဖြင့် သားဖွား (၁၈)လသင်တန်း တက်ရောက်ခွင့် ရရှိပြီး အောင်မြင်ခဲ့သူ မဖြူဖြူစိုး သည် မိမိ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းသို့ နေရာချထားခဲ့ရာတွင် တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့များသို့ သတင်းပို့ရန် ပျက်ကွက်ခဲ့သဖြင့် သက်ဆိုင်ရာဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ အကြိမ်ကြိမ် ဆက်သွယ်ခေါ်ယူသော်လည်း ဆက်သွယ်၍ မရခြင်း၊ အချို့မှာ တာဝန်ရှောင်လွှဲလိုသည့် သဘောဖြင့် ရှောင်တိမ်းနေခြင်းတို့ကြောင့် တာဝန်ပေး ခန့်အပ်နိုင်ခြင်း မရှိသော (၇)ဦးတွင် အပါအဝင်ဖြစ်ပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်ရန် သင်တန်းတက်ရောက်ခွင့် ရခဲ့ခြင်း မဟုတ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင့်။

ဆက်လက်၍ ဒုတိယမေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် မှ ကလေးဝမြို့နယ်၊ သစ်ချောက် ကျေးရွာအား တိုက်နယ်ဆေးရုံ သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာတွင်

ကျေးလက်ကျန်းမာရေးဌာနတစ်ခု အသစ် ဖွင့်လှစ်ပေးရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၂၈-၁-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို ၁၃-၃-၂၀၁၃ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၂၆)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက် တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေ

(၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၄ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက် )

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။ ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် အခန်း ၁၊ အပိုဒ် ၁၊ ၂(က)(ဂ) (၁)(၄)-

၁။ ဤဥပဒေကို တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) တရားရုံးများကို မထီမဲ့မြင်ပြုမှု" ဆိုသည်မှာ တရားမ ဆိုင်ရာ မထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာ မထီမဲ့မြင် ပြုမှုကို ဆိုသည်။

(ဂ) (၁)တရားရုံး၏ ဥပဒေအရအပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ် စေခြင်း သို့မဟုတ် သေးသိမ်ရန် ဖြစ်တန်စေခြင်း ဟု ပြင်ဆင်ထားပါတယ်။

(၄)တရားရုံးက ဆုံးဖြတ်ရန်ရှိသော အချက်များကို တစ်စုံတစ်ရာ အဆုံးအဖြတ် မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၁၊ အပိုဒ် ၁၊ ၂(က)(ဂ)(၁)(၄) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၁၊ အပိုဒ် ၁၊ ၂(က) (ဂ)(၁)(၄) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၂၊ အပိုဒ် ၅၊ အခန်း ၅၊ အပိုဒ် ၁၂ နှင့် အခန်း ၆၊ အပိုဒ် ၁၃ တို့အား မူလပြဋ္ဌာန်းချက် အတိုင်းထားရှိရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၂၊ အပိုဒ် ၅၊ အခန်း ၅၊ အပိုဒ် ၁၂ နှင့် အခန်း ၆၊ အပိုဒ် ၁၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၂၊ အပိုဒ် ၅(ဃ) အခြားနည်းလမ်းအရဖြစ်စေ၊ မိမိတရားရုံးနှင့် မိမိလက်အောက်ခံ တရားရုံးတစ်ရုံးကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့်ရှိသည်။ သို့ရာတွင် လက်အောက်ခံ တရားရုံးတစ်ရုံးအပေါ် ကျူးလွန်ကြောင်း စွပ်စွဲထားသည့် မထီမဲ့မြင် ပြုမှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် ချမှတ်နိုင်သော မထီမဲ့မြင်ပြုမှု ဖြစ်ပါက ယင်းပြစ်မှုကို အရေးယူခွင့်မရှိစေရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၂၊ အပိုဒ် ၅(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၂၊ အပိုဒ် ၅(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၄၊ အပိုဒ် ၁၁ -

မည်သူမဆို တရားရုံးကို တရားမ ဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ် ချမှတ်ရမည်။ ထိုသို့ ငွေဒဏ်ချမှတ်ရုံမျှဖြင့် လုံလောက်မှုမရှိဟု ထင်မြင်ပါက သုံးလထက် မပိုသော တရားမထောင်ဒဏ်ကို ချမှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၄၊ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၄၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထား သောလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၄-၃-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို ၁၉- ၃ -၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၁၊ အပိုဒ် ၂(စ) စာရင်းကောက် ဆိုသည်မှာ သန်းခေါင်စာရင်း ကောက်ယူရာတွင် သတ်မှတ်ထားသော စာရင်းကောက်နယ်နိမိတ်အတွင်း တစ်အိမ် တက် ဆင်း သွားရောက်ပြီး ပုံစံပါမေးခွန်းများကို မေးမြန်း၍ ပုံစံရေးသွင်းသူကို လည်းကောင်း၊ ပုံစံနှင့်ရေးသွင်းနည်း ညွှန်ကြားချက်များကို အိမ်ထောင်စုတိုင်းသို့ ကြိုတင်ဝေငှထားပြီး အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင်များကိုယ်တိုင် အဖြေများကို ရေးသွင်းစေ၍ ယင်းပုံစံများကို ပြန်လည်သိမ်းဆည်းသူကို လည်းကောင်း ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၁၊ အပိုဒ် ၂(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၁၊ အပိုဒ် ၂(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၁၊ အပိုဒ် ၂(ဆ)(ဈ)(ည)၊ အခန်း ၃၊ အပိုဒ် ၈(ခ)၊ အခန်း ၅၊ အပိုဒ် ၁၈ နှင့် အခန်း ၆၊ အပိုဒ် ၂၀ တို့အား မူလပြဋ္ဌာန်းချက် အတိုင်းထားရှိရန် ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၁၊ အပိုဒ် ၂(ဆ)(ဈ)(ည)၊ အခန်း ၃၊ အပိုဒ် ၈(ခ)၊ အခန်း ၅၊ အပိုဒ် ၁၈ နှင့် အခန်း ၆၊ အပိုဒ် ၂၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၃၊ အပိုဒ် ၉(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ရန် စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးခြင်းနှင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၃၊ အပိုဒ် ၉(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၃၊ အပိုဒ် ၉(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၄၊ အပိုဒ် ၁၀၊ ၁၂(က)(ခ)၊ ၁၃

၁၀။ ဝန်ကြီးသည် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ပြည်သူ့အင်အားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို သန်းခေါင်စာရင်းတာဝန်ခံအဖြစ် ခန့်အပ်ရမည်။

၁၂။ (က) သက်ဆိုင်ရာတာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့်စာရင်းကောက်များသည် တာဝန်ကျရာဒေသ၌ အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခွင့်နှင့် အဆောက်အအုံများတွင် လိုအပ်သည့် အမှတ်အသားများကို ပြုလုပ်ခွင့်ရှိသည်။

(ခ) စာရင်းကောက်က သတ်မှတ်ထားသောဒေသအတွင်းရှိပြည်သူများအား သတ်မှတ်ထားသောမေးခွန်းများ မေးမြန်းခြင်းနှင့် သတ်မှတ်ထားသော စာရင်းပုံစံများတွင် ဖြည့်သွင်းစေခြင်းများဆောင်ရွက်ရာ၌ မေးခွန်း မေးမြန်းခြင်း ခံရသူသည် မှန်ကန်စွာ ဖြေဆိုရန်နှင့် ဖြေကြားချက်များကို စာရင်းပုံစံများတွင် မှန်ကန်စွာ ဖြည့်သွင်းရန် တာဝန်ရှိသည်။

၁၃။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က သန်းခေါင်စာရင်း ကောက်ယူရန် အလို့ငှာ စာရင်းစစ်များနှင့် စာရင်းကောက်များ**ကို** ခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အောက်ပါ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်း၍ စာရင်းစစ်များနှင့် စာရင်းကောက်များ အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၄၊ အပိုဒ် ၁၀၊ ၁၂(က)(ခ)၊ ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၄၊ အပိုဒ် ၁၀၊ ၁၂(က)(ခ)၊ ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်၊ အခန်း ၄၊ အပိုဒ် ၁၂(ဂ) အား ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၄၊ အပိုဒ် ၁၂(ဂ) ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၅၊ အပိုဒ် ၁၆(က)(ခ)၊ ၁၇

၁၆။ (က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့် စာရင်းကောက် များက သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းအတွက် အဆောက်အအုံအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခြင်းနှင့် အဆောက်အအုံများတွင် လိုအပ်သည့် အမှတ်အသားများ ပြုလုပ်ခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)အရ မေးမြန်းသော မေးခွန်းများ ဖြေဆိုရန်နှင့် သတ်မှတ်ထားသော မေးခွန်းပုံစံတွင် ဖြည့်သွင်းရန်ငြင်းဆိုခြင်း၊ သိလျက်နှင့် မှားယွင်းစွာ ဖြေဆိုခြင်း သို့မဟုတ် မှားယွင်းစွာ ဖြည့်သွင်းခြင်း မပြုရ။

၁၇။ မည်သည့် စာရင်းစစ် သို့မဟုတ် စာရင်းကောက်မျှ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၅၊ အပိုဒ် ၁၆(က)(ခ)၊ ၁၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၅၊ အပိုဒ် ၁၆(က)(ခ)၊ ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၇၊ အပိုဒ် ၂၄ ဗဟိုသန်းခေါင်စာရင်းကော်မရှင် အဖွဲ့ဝင်၊ ဗဟိုသန်းခေါင်စာရင်း ကော်မတီဝင်၊ သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်၊ စာရင်းစစ်၊ စာရင်းကောက်နှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် တာဝန် ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များကို တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ ဝန်ထမ်းအဖြစ် သတ်မှတ်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၇၊ အပိုဒ် ၂၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။ ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၇၊ အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ၁၉-၃-၂၀၁၃ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် အမျိုးသား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပါတယ်။

အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၅။**

**ဦးခင်မောင်ရီ(ကော်မတီဝင်၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း ဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးကို ကျွန်တော် ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီ၏ ကိုယ်စား ကျွန်တော် ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ယမန်နေ့က တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်အရ အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ဤလွှတ်တော်မှ သဘောတူ လက်ခံပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာနဲ့ စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ယခု မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၇။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ယနေ့တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယမန်နေ့များက အမျိုးသားလွှတ်တော် ကတိကဝတ်ကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တင်သွင်းခဲ့တဲ့ စုစုပေါင်း ပထမပုံမှန်အစည်းအဝေးကနေပြီးတော့ ပဉ္စမပုံမှန်အစည်းအဝေးအထိ စုစုပေါင်း (၈)ခုရှိတဲ့ အပေါ်မှာပဲ နည်းနည်းလေး ကျွန်တော် အခြေခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါအဆို (၁)ခုဖြစ်တဲ့ Power Point နဲ့လည်း ဒါ ပြထားပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တမံကြီးများဆိုင်ရာ အမျိုးသား ကော်မတီဖွဲ့စည်းခြင်းနှင့် International Commission (or) Large Dams (ICOLD)သို့ အသင်းဝင်အဖြစ် ပါဝင်ခွင့်ရတဲ့ အဆိုကို ကျွန်တော် ၁၂-၉-၂၀၁၁ ရက်နေ့က တင်သွင်းခဲ့ပါတယ်။ ကျွန်တော်တို့ ဒါဟာဆိုရင် ဒီနေ့အချိန်အထိဆိုရင် ကျွန်တော်တို့ တစ်နှစ်ခွဲလောက် ရှိပါပြီ။ ဒီအဆိုကိုလည်း လယ်ယာနဲ့ ဆည်မြောင်းကနေပြီးတော့လည်း ထောက်ခံပြီးတော့

အမျိုးသားလွှတ်တော်ကလည်း အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒီ ICOLD ကို ကျွန်တော်တို့ အရင်တုန်းက လျှပ်စစ်(၁)ကနေပြီးတော့ Focal Ministry အဖြစ်နဲ့ လုပ်ကိုင်ပြီးတော့ သက်ဆိုင်တဲ့ ကျွန်တော်တို့ ရှေ့နေချုပ်ရုံး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ FERD၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ကို ကျွန်တော်တို့ သဘောထားမှတ်ချက်များ တောင်းပြီးတော့ ထောက်ခံချက်များ ရယူခဲ့ပြီး ဖြစ်ပါသည်။ ဒီဘက်မှာတော့ Focal Ministry ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ပြောင်းပေးလိုက်တဲ့အချိန်မယ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက လက်ခံခဲ့ပြီးတော့ အရင် Legal Department အတည်ပြုပြီးခဲ့တဲ့ စည်းမျဥ်းမူကြမ်းကို ထပ်ပြီးတော့ ဒါ အတည်ပြုချက် တောင်းခံခဲ့တဲ့အတွက် နည်းနည်းလေး အချိန်လည်း ကြာလာပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ ပါဝင်သင့်တဲ့ဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများ NGO များကို Legal Department တွေကနေပြီးတော့ ခွင့်ပြုချက်ရပြီးရင် ဖိတ်ခေါ် အစည်းအဝေး လုပ်ပြီးတော့ ကျွန်တော်တို့ အလုပ်အမှုဆောင်အဖွဲ့ ရွေးရမယ်၊ ရွေးပြီးရင် ပြည်ထောင်စု အစိုးရအဖွဲ့ကို တင်ပြပြီးတော့ Myanmar National Committee ကို MNCOLD ကို ဖွဲ့တာကို State Form က ကျွန်တော်တို့ လုပ်လို့ရပါတယ်။ အခုအချိန်အထိ ဒါကို မဖြစ်ပါဘူး။ ပြန်လာတဲ့ ပြန်ကြားချက်တွေဟာ ကတိကဝတ်ကော်မတီကို ပြန်ကြားချက်တွေပေါ် မူတည်ပြီးတော့လည်း ဆွေးနွေးခြင်း ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ ဩဂုတ်လထဲမှာ အမေရိကန်နိုင်ငံ Seattle မှာ (၈၁)ကြိမ်မြောက် ကျင်းပမယ့် ညီလာခံမှာ၊ နှစ်ပတ်လည်ညီလာခံမှာ အသင်းဝင်အဖြစ် ဒါ ကျွန်တော်တို့ တင်ပြဖို့ လိုပါတယ်ခင်ဗျား။ ဒီနေ့ (၉၅)နိုင်ငံ ရှိပြီ ဖြစ်ပါတယ်။ ကျွန်တော် အသေးစိတ် ရှည်မှာ ကြောက်လို့ ကျွန်တော် တင်ပြခြင်း မပြုတော့ပါဘူး။ ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ဒါဟာ နိုင်ငံရေး အရောင်အသွေးလည်း မရှိတဲ့ NGO အဖွဲ့အစည်း ကျွန်တော်တို့ အရှေ့တောင်အာရှနိုင်ငံများမှအစ (၁၇)နိုင်ငံလောက်ပါဝင်နေတာဆိုတော့ ကျွန်တော်တို့က အချိန်ကျရောက်နေပြီးတော့ ဒါဟာ နည်းပညာဖလှယ်တဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် ဒါဟာ အမြန်ဆုံးလုပ်ဖို့ လိုပါတယ်ဆိုတာကို ကျွန်တော်ကိုလည်း ထောက်ခံခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီးများကို သိရှိဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းခြင်း ဖြစ်ပါတယ်။

နောက် ဒုတိယအဆိုဖြစ်တဲ့ ကျွန်တော်တို့ ဒါ ပေ၊ ပေါင်၊ စက္ကန့်ယူနစ် Imperial Unit System ကနေပြီးတော့ စင်တီမီတာ၊ ဂရမ်၊ စက္ကန့် System ဒါကျွန်တော်တို့ Metric Unit ကို ပြောင်းလဲဖို့ဆိုတဲ့ကိစ္စမှာ ကျွန်တော် ၂၆-၁-၂၀၁၂ တတိယပုံမှန်အစည်းအဝေးမှာ တင်ပြခဲ့ပါတယ်၊ တင်သွင်းခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ သိပ္ပံနည်းနှင့်နည်းပညာဝန်ကြီးဌာနက ထောက်ခံပါတယ်။ အမျိုးသားလွှတ်တော်ကလည်း ဒါကို အတည်ပြုခဲ့ပါတယ်။

၃-၇-၂၀၁၂ ရက်နေ့နဲ့ ၁၆-၁၀-၂၀၁၂ ရက်နေ့မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက အစည်းအဝေးထိုင်ပြီးတော့ အရေးတယူ ကျွန်တော်တို့ လုပ်ကိုင်တာကို တွေ့ရပါတယ်။ ပထမမူကြမ်းကို သူတို့ ပေးပို့ထားပါတယ်။ ပြန်လာလို့ရှိရင် ဒုတိယမူကြမ်းကို သူတို့ စိစစ်ပြီးတော့ အစိုးရအဖွဲ့နဲ့ ဆက်သွယ်ပြီးတော့ လုပ်ဖို့ရှိတာလည်း ကျွန်တော်တို့ သိရပါတယ်။ ဒါကတော့ ဒီကိစ္စဟာ အင်မတန် လေးနက်တဲ့ကိစ္စလည်း ဖြစ်တဲ့အတွက် အချိန်လည်း အကြာကြီး ယူရမှာဖြစ်တဲ့အတွက် ချက်ချင်းကြီး ကျွန်တော်တို့ မပြီးနိုင်ဘူးဆိုတာ ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ သက်ဆိုင်တဲ့ ဝန်ကြီးဌာနက လက်ရှိ ဆောင်ရွက်ထားမှု အခြေအနေဟာ ကျေနပ်ဖွယ်ရှိတဲ့အကြောင်း ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

နောက်အဆို (၃)ခုဖြစ်တဲ့ ဒါကတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို တင်တဲ့ အဆို မဟုတ်ပါဘူးခင်ဗျား။ ဒါ ကျွန်တော် ပြည်ထောင်စုလွှတ်တော် ၂၄-၂-၂၀၁၂ ရက်နေ့၊ တတိယပုံမှန်မှာ ကျွန်တော်တို့ တင်ခဲ့ပါတယ်။ ပြည်သူ့လုပ်ငန်းကိုဥပဒေ PWDC နဲ့ ငွေစာရင်းကိုဥပဒေ PWDAC များဟာ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်နဲ့ ပြင်ဆင်ပြီး ပြဋ္ဌာန်းချက်စာအုပ်များကို ပြန်လည်ပုံနှိပ်ထုတ်ဝေဖို့ ဆိုတဲ့ကိစ္စ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ အင်္ဂလိပ်၊ အိန္ဒိယနိုင်ငံတို့ တွဲဖက်အုပ်ချုပ်ခဲ့စဉ်က ၁၉၂၇ ခုနှစ်၊ ၁၉၃၃ ခုနှစ်များမှာ အဆိုပါ ကိုဥပဒေစာအုပ်များကို စတင်ကျင့်သုံးလာခဲ့ပါတယ်။ ဒီခေတ်အခြေအနေမှာ ကျွန်တော်တို့ ခေတ်နဲ့ လုံးဝမညီတဲ့ အပိုင်းတွေပါတဲ့အတွက် ဒါကို ကျွန်တော် ပြင်ဖို့ဆိုပြီးတော့ တင်သွင်းခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကိုယ်တိုင်တက်ရောက်ပြီးတော့ ဒါကို ထောက်ခံပြီးတော့ သွားတဲ့အတွက် ဒါဟာလည်း ဒီနေ့အချိန်အထိ ကျွန်တော် ဘယ်ကို ပြောရမှန်းလည်း မသိဘူး။ အမျိုးသားလွှတ်တော် ကတိကဝတ်မေးတော့လည်း ဒါ အမျိုးသားလွှတ်တော် ကတိကဝတ်နဲ့ရော၊

ပြည်သူ့လွှတ်တော် ကတိကဝတ်နဲ့လည်း မဆိုင်သလို ဖြစ်နေတဲ့အခါကျတော့ ကျွန်တော် ဥက္ကဋ္ဌကြီးကို သီးခြားလိပ်မူပြီးတော့ ကျွန်တော် ဒါကို ဒီလိုအခြေအနေရှိပါတယ်ဆိုတာကို ကျွန်တော် တင်ပြပြီးလည်း ဖြစ်ပါတယ်။ အင်မတန် ကျွန်တော် ဒါဟာ လိုအပ်တယ်လို့ ယူဆပါတယ် ခင်ဗျား။

နောက် Next (4) ဒါကတော့ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုဟာ ဆည်ရေများ ထိရောက်စွာ ထုတ်လုပ်ပေးဝေရဖို့အတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့ အဆို ဖြစ်ပါတယ်။ ၈-၃-၂၀၁၂ က တင်ခဲ့တာ ဖြစ်ပါတယ်။ တော်တော်လည်း လုပ်နေပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ လုပ်ရမှာဖြစ်တဲ့အတွက် နေ့ချင်း၊ ညချင်း မပြီးစီးနိုင်ဘူးဆိုတာကို သဘောပေါက်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဒီလူကြီးတွ ဖြတ်သွားတဲ့နေရာ သွားလမ်း၊ လာလမ်း၊ လွယ်တဲ့နေရာတွေမှာ ပြယုဂ်လေး သဘောနဲ့ လုပ်တာမျိုးမဟုတ်ဘဲနဲ့ တကယ့်ဦးစားပေး ရေသောက်စနစ်များ အတွင်းကျကျတွေမှာလည်း ကျွန်တော်တို့ ဦးစားပေးအလိုက်ကို ကျွန်တော်တို့ ရေရှည်၊ရေတို စီမံချက်ဆွဲပြီးတော့ လုပ်သင့်တယ်ဆိုတာ အကြံပြုခြင်း ဖြစ်ပါတယ်။ အရေးယူဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။

နောက် Slide 5၊ Next၊ နောက် မြန်မာနိုင်ငံစီးပွားရေးနဲ့ အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်မှု (Economic and Engeneering Development of Myanmar) ဆိုတာမှာ ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များ ငှားရမ်းဆောင်ရွက်ဖို့ အဆင့်မြင့် လုပ်ငန်းကြီးကြပ်လုပ်ငန်းကော်မတီဖွဲ့စည်းဖို့ ပြည်ထောင်စုအစိုးရက တိုက်တွန်းတဲ့ အဆို အဲဒါကို ကျွန်တော်တို့ အဲဒီမှာ ၂၃-၄-၂၀၁၂ ရက်နေ့က တင်ခဲ့တဲ့တာမှာ စက်မှုဝန်ကြီးဌာနက ဒုတိယဝန်ကြီး တက်ရောက်ပြီးတော့ ထောက်ခံခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ကလည်း အတည်ပြုခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲအခြေအနေ ပြန်ကြားချက် မထူးခြားတဲ့ အတွက် ကျွန်တော် ကြယ်ပွင့်မပြမေးခွန်းနဲ့ ထပ်ပြီးတော့ ဒါက စက်မှုဝန်ကြီးဌာနက Focal Ministry လုပ်ရမယ့် လုပ်ငန်းသဘာဝလို့ မယူဆဘူး။ အမျိုးသားစီမံ/စီးပွားနဲ့ တိုက်ရိုက်ဆိုင် တယ်လို့ ကျွန်တော် ဒါကို မေးခဲ့အတွက် အမျိုးသားစီမံ/စီးပွားကနေပြီးတော့ ဒါအပေါ်မှာ ပြန်ကြားလာတာလေးတွေကိုလည်း ကျွန်တော် ဒါ ဥက္ကဋ္ဌကြီး ဖတ်ကြားခွင့်ပြုပါ။ ကျွန်တော် သွက်သွက် လက်လက် ဖတ်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မှားမှာ ကြောက်လို့မို့လို့ပါ။

အမျိုးသားစီမံ/စီးပွားက ၂၇-၁၂-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁/၃/၄/၅/၇/၈/၉/ ၂၀၁၂ နဲ့ ဖြေကြားခဲ့ပါတယ်။ သစ်တောသယံဇာတများ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို UNDP, FAO, International Tropical Timber Organization, UN Convention on Climate Change တို့နဲ့ လုပ်နေပါတယ်တဲ့။ နောက် လျှပ်စစ်စီမံကိန်းများအတွက် AF-colenco Ltd, Switzerland, New Jet, Japan, China Three Gorges, Hydrochina Kunming အတိုင်ပင်ခံအဖွဲ့များနဲ့ လုပ်နေပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနအတွက် Nero, တရုတ်၊ ထိုင်း၊ ရုရှား၊ ဗီယက်နမ်၊ ဩစတြေးလျတို့မှ ပညာရှင်များနဲ့ လုပ်ကိုင်နေပါတယ်။ လူဝန်မှုကြီးကြပ် ပြည်သူ့အင်အားမှာတော့ UNFPA အကူအညီနဲ့ လုပ်တယ်လို့ ပါ ပါတယ်။ အမျိုးသား စီမံစီးပွားမှာဆိုရင် UNDP နဲ့ လုပ်တယ်ဆိုတာလည်း ကျွန်တော်တို့ ဖော်ပြထားပါတယ်။ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဥပဒေများအတွက်ကတော့ Nippon Korea နဲ့ လုပ်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှု စူးစမ်းလေ့လာရေးအတွက် World Bank နဲ့ လုပ်နေပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ကတော့ Chulalongkorn တက္ကသိုလ် ထိုင်းနဲ့ လုပ်နေတဲ့အကြောင်း ကျွန်တော်တို့ ပြန်ကြား ထားပါတယ်။

ဒါ့အပြင် အမိန့်ကြော်ငြာစာအမှတ်(၂၈/၂၀၁၂) နဲ့ စီမံကိန်းကော်မရှင် (၃၆/၂၀၁၂) နဲ့ နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ အမျိုးသားစီးပွားနဲ့ လူမှုဖွံ့ဖြိုးရေး အကြံပေးကောင်စီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါတယ်။ ဖော်ပြပါ ဖြေကြားချက်များနဲ့ တစ်သဘောတည်းပင် ဖြေကြားချက်များကို အမျိုးသားလွှတ်တော် အစိုးရရဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကတိကဝတ် ကော်မတီ ကိုလည်း ပြန်ကြားတာကို ကျွန်တော် တွေ့ရှိရပါတယ်။ အမျိုးသားစီမံ/စီးပွားမှ ဖြေကြားသကဲ့သို့ နိုင်ငံတော်သမ္မတကြီး၊ ဒုတိယသမ္မတကြီးများ၊ ပြင်ပမှ အငြိမ်းစားပညာရှင်ကြီးများ ဦးဆောင် ပါဝင်ဖွဲ့စည်းထားတဲ့ ကော်မတီများဟာ အလွန်ကောင်းမွန်ပြီးတော့ ထောက်လည်း ထောက်ခံ ပါတယ်။ မွန်ဘာသာများကို ထိန်းကျောင်းပေးခြင်း၊ လမ်းညွှန်မှာကြားချက်များ ချမှတ်ပေးခြင်းတို့ အတွက် အဆိုပါ ကော်မတီများဟာ မရှိမဖြစ်လိုအပ်ပါတယ်။

သို့ရာတွင် အဆို၏ ဦးတည်ချက်နဲ့ ရည်ရွယ်ချက်မှာ စီးပွားရေးဝန်ကြီးဌာနများနဲ့ ဝန်ကြီးဌာနများအတွက် ဘာသာရပ်ဆိုင်ရာအလိုက် ပညာရှင်များပါဝင်တဲ့ ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးသို့ သင့်တင့်မျှတ အချိန်ကာလတစ်ခုအတွင်း ဥပမာ တစ်နှစ်ခွဲ၊ နှစ်နှစ် စသည် လက်တွေ့လုပ်ကိုင်ဆောင်ရွက်မယ့်အဆင့် (Working Level) လုပ်ငန်းကော်မတီ ဖွဲ့စည်းပြီးတော့ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များ ငှားရမ်းခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများရဲ့ အထောက်အပံ့၊ အကူအညီ ရယူဆောင်ရွက်သွားခြင်းတို့ကို ဆိုလိုပါတယ်။

အဆိုကို တင်သွင်းခဲ့စဥ်က ၁၉၅၁၊ ၅၂ ခုနှစ်ဝန်းကျင် ယခင် ဖ.ဆ.ပ.လ အစိုးရခေတ်က အမေရိကန်နိုင်ငံ နယ်ပင်န် ကစ်ပတ်အဲလ်ဘတ် KTA အစီရင်ခံစာများ၊ ယခင်ကလည်း မှီငြမ်းခဲ့၊ ယခုလည်း သုံးစွဲလျက်ရှိတဲ့ ပြုစုခဲ့တဲ့ပုံစံဖြစ်ပါတယ်။ ယခု အမျိုးသားစီမံ/စီးပွား ပြန်ကြားလာသကဲ့သို့ ဝန်ကြီးဌာနတစ်ခုချင်း၊ လုပ်ငန်းဌာနတစ်ခုချင်း (Individually) အချိန်တို ငှားရမ်းဆောင်ရွက်သည့် သဘာဝမဆိုလိုပါ။ လက်ရှိအခြေအနေမှာ ဒီလို ငှားရမ်းဆောင်ရွက်၊ ပူးပေါင်းလုပ်ဆောင်ခြင်းအပေါ် မည်သို့မျှ မှတ်ချက်လည်း မပြုလိုပါ။ အချိန်အခါ အခြေအနေအရ ကောင်းမွန်သော စေတနာနဲ့ လုပ်ဆောင် ရခြင်းဖြစ်သည်ကို လက်ခံနားလည်ထားပါတယ်။ ဝန်ကြီးဌာနများနဲ့ သက်ဆိုင်တဲ့ စီမံကိန်း လုပ်ငန်း ဒေသများသို့ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဟာ သွားရောက်နေထိုင် ကွင်းဆင်းစူးစမ်း လေ့လာ၊ အချက်အလက်စုဆောင်း၊ ညှိနှိုင်းပေါင်းစပ်၊ ဖြစ်မြောက်နိုင်စွမ်း မဟာစီမံချက် (Master Plan) ရေးဆွဲ၊ Consuture Detail Designs များ ပုံစံချမှတ် စသည်တို့မှာ အဆို၏ ရည်ရွယ်ချက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ အဆင့်မြင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ သို့မဟုတ် ဖော်ပြထားတဲ့ Working Level လုပ်ငန်းကော်မတီဟာ အမျိုးသားစီမံ/စီးပွား ဖြေကြားခဲ့တဲ့ နိုင်ငံတော်အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများ ဦးဆောင်တဲ့၊ မူဝါဒချမှတ် လမ်းညွှန်မှု ပေးတဲ့ ကော်မတီကို အထောက်အကူပြုရမယ့် လက်အောက်ကိုယ်ပွားကော်မတီသာ ဖြစ်ရပါမယ်။ သို့မဟုတ်ပါလျှင် ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ မိမိတို့ ကောင်းနိုးရာရာကို ရွေးထုတ် ဆောင်ရွက်ကြပြီးတော့ Harmonize Development ဖော်ဆောင်နိုင်မယ်မဟုတ်လို့ ယူဆပါတယ်။

နောက်ဆုံးတွင် အထက်အဆင့် လမ်းညွှန်ချက်၊ ခွင့်ပြုချက်နဲ့ ဆောင်ရွက်သည်ဟု အဆုံးသတ်ကြမည်ဖြစ်ပါတယ်။ လုပ်ငန်းဌာနအချင်းချင်း အပြန်အလှန်ထိန်းကျောင်း ညှိနှိုင်း၍ အမြင်ချင်းဖလှယ်ပြီး ဦးစားပေးအဆင့်များ သတ်မှတ်ဆောင်ရွက်နိုင်ကြရန် ရည်ရွယ်ပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။

နောက် အဆို(၆) နိုင်ငံတော်၏ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် စီမံကိန်းများကို ကျွန်တော် အသေးစိတ် မဖတ်တော့ ပါဘူး။ ၅-၇-၂၀၁၂ ရက်နေ့က အမျိုးသားလွှတ်တော် ပထမအကြိမ် စတုတ္ထပုံမှန်မှာ ကျွန်တော် တင်ပြခဲ့ပါတယ်။ အမျိုးသားစီးပွားမှ အဆိုကို ထောက်ခံခဲ့ပါတယ်။ လွှတ်တော်ကလည်း ကျွန်တော်တို့ အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ အမျိုးသားစီမံ/စီးပွားက အမျိုးသား လွှတ်တော် ကတိကဝတ်ကော်မတီသို့ ဆောင်ရွက်ထားရှိမှု ဖြေကြားခဲ့ပါတယ်။ ယင်းဖြေကြား ချက်များကလည်း စောစောက ကျွန်တော်တင်ပြခဲ့တဲ့ မြန်မာနိုင်ငံ စီးပွားရေးနဲ့ အင်ဂျင်နီယာ ပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု ဖြေကြားချက်များအတိုင်း တစ်ပုံစံတည်း ဖြစ်ပါတယ်။

ယခု အဆို၏ ဦးတည်ချက်၊ ရည်ရွယ်ချက်နဲ့ ကွဲလွဲနေသည်ဟု သုံးသပ်ယူဆပါတယ်။ ဥပမာ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို တိုင်းရင်းသားကုမ္ပဏီ BOT, နိုင်ငံခြားကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှု၊ JV, BOT အစီအစဉ်များနဲ့ ဆောင်ရွက်ရန် ဖော်ပြပါကုမ္ပဏီများက ၎င်းတို့ရဲ့ အစီအစဉ် ငွေကြေးတို့နဲ့ စိတ်ကြိုက် ၎င်းတို့ နိုင်ငံသား သို့မဟုတ် အခြားနိုင်ငံတစ်ခုခုမှ နိုင်ငံခြားသားပညာရှင်များကို ငှားရမ်းပြီးတော့ စူးစမ်းလေ့လာ၊ အချက်အလက်စုဆောင်း၊ ဒီဇိုင်းပုံစံရေးဆွဲ၊ စီမံကိန်း လုပ်ငန်း ခန့်မှန်းခြေစာရင်း များပြုစု၊ Estimate Prepare ထပ်မံပြုစု၊ Estimate Device စီမံကိန်းကာလ သတ်မှတ်၊ လုပ်ငန်း လုပ်ပိုင်ခွင့်စီမံ၊ တည်ဆောက် အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှု (Investment) တို့ကို အကြောင်းပြုလျက် သက်ဆိုင်ရာ ဝန်ကြီးဌာနအား စာရွက်စာတမ်းလုပ်ငန်း (Paper work) အတွက် လိုအပ်လာချိန်တွေမှာ ပူးပေါင်းဆောင်ရွက်၊ ဒီဇိုင်းအပိုင်း၊ ကုန်ကျစရိတ်အပိုင်း၊ လုပ်ငန်း အရည်အသွေး ထိန်းချုပ်ရေးအပိုင်း စသည်တို့မှာ ပါဝင်မှု မရှိသလောက် တွေ့ရှိရပါတယ်။ နိုင်ငံတော်ဘက်မှ မနစ်နာစေရေးအတွက် ၎င်းကုမ္ပဏီများ ငှားရမ်းထားတဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်များကို ဝန်ကြီးဌာနဘက်က ရပ်တည်ပြီးတော့ ထပ်ဆင့် စစ်ဆေးနိုင်မယ့်

တတိယနိုင်ငံက ကျွမ်းကျင်အတိုင်ပင်ခံပုဂ္ဂိုလ်များ ငှားရမ်းဆောင်ရွက်နိုင်ရေး ဆိုလိုခြင်း ဖြစ်ပါတယ်။ အမျိုးသားစီမံ/စီးပွားက ဖော်ကြားလာတဲ့ ပညာရှင်များကော်မတီသည် ထဲထဲဝင်ဝင် (Day to Day) ပါဝင်ရန် ခက်ခဲမည်ဟု သုံးသပ်ပြီးတော့ မူဝါဒထိန်းကျောင်းလျက် ယေဘုယ စစ်ဆေးနိုင်မည့် အခွင့်အလမ်းသာရှိမည်လို့ ကျွန်တော်ယူဆပါတယ်။

နောက်အဆို(၇) နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများ အဆို ၂၅-၁၀-၂၀၁၂ ရက်နေ့ ပဉ္စမပုံမှန် ပထမအကြိမ်အစည်းအဝေးမှာ ကျွန်တော်တို့ တင်သွင်း ခဲ့ပါတယ်။ လျှပ်စစ်ဝန်ကြီးဌာနက အဆိုကို ထောက်ခံပါတယ်။ အမျိုးသားလွှတ်တော်ကလည်း အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။ ဝန်ကြီးဌာနက အမျိုးသားလွှတ်တော် ကတိကဝတ်ကော်မတီကို ပြောကြားချက်များမှာ အဆို၏ ဦးတည်ချက်၊ ရည်ရွယ်ချက်နဲ့ ကွဲလွဲနေတယ်လို့ သုံးသပ်ပါတယ်။ ဝန်ကြီးဌာနရဲ့ လက်ဝယ်မှာ MoU, MoA, JVA များ လက်မှတ်ရေးထိုးထားပြီးတဲ့ လျှပ်စစ် စီမံကိန်းများကို နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက် လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်းသာ ဖြစ်ပါတယ်။ သဘောတူထားချက်များ အတိုင်း စီမံကိန်းဖြစ်နိုင်စွမ်းအဆင့် ရောက်ရှိဖို့ လိုအပ်တဲ့ စူးစမ်းလေ့လာမှုများ ပြုလုပ်ပြီးတော့ လုပ်ငန်းများ စတင် လုပ်ကိုင်စေရန် ရည်ရွယ်ခြင်း ဖြစ်ပါတယ်။

အချို့စီမံကိန်းများမှာ နေရာဦး ဖျာခင်းထားတဲ့အသွင်း ဆောင်နေခြင်း၊ အချို့မှာ လက်တွေ့လုပ်ကိုင်နိုင်သော အခြေအနေ ရှိသော်လည်း တုံ့ဆိုင်းနေခြင်း၊ အချို့မှာ ဝန်ကြီးဌာနမှ အလုပ်ဖြစ်အောင် ပံ့ပိုးညှိနှိုင်းပေါင်းစပ် တွန်းအားပေးရန် လိုအပ်ခြင်း စသည်တို့ကို ရည်ရွယ်တင်သွင်းခြင်း ဖြစ်ပါတယ်။ အကယ်၍ လက်တွေ့မဖြစ်နိုင်လျှင် MoU, MoA ပါ သဘောတူညီချက်ကို ပြန်လည်သုံးသပ်ရေး ကြိုးစားရန် လိုအပ်ပါတယ်။ စီမံကိန်း အရေအတွက် တပ်ဆင်စက်အင်အား များပြားမှုအပေါ် လက်တွေ့ မဖြစ်ပေါ်လာလျှင် ပြည်သူများရဲ့ ယုံကြည်ကိုးစားမှု လျော့နည်းနိုင်မည် တင်ပြခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနဘက်ကလည်း အဆိုပါ လက်ရှိ လက်ဝယ်ရှိ စီမံကိန်းများကို နောက်ဆုံးအကြောင်း အမျိုးမျိုးကြောင့် သို့မဟုတ် ပြန်လည်စိစစ်သုံးသပ်မှုအရ ထွက်ပေါ်လာမယ့် အခြေအနေကိုသာ ကျွန်တော်တို့ ကတိကဝတ် ကော်မတီကို ပြန်ကြားရန်လိုမယ်လို့ ကျွန်တော် သုံးသပ်လိုပါတယ်။

နောက်ဆုံးဖြစ်တဲ့ ကျွန်တော်တို့ အဆို(၈)မှာ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုမယ့် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ဆိုတဲ့ကိစ္စမှာကတော့ ကျွန်တော်တို့ ဒါ ၂၆-၁၀-၂၀၁၂ ရက်နေ့က တင်သွင်းခဲ့ပါတယ်။ သတင်းစာ၊ ဂျာနယ်၊ စာစောင်များမှာ ဖော်ပြ ကြော်ငြာ၊ တွေ့ဆုံအမေးအဖြေ ပြုလုပ်ခြင်း (Publicities) ပြည်ထောင်စုအဆင့်၏ တာဝန်ရှိ သလိုလို၊ ပြည်နယ်/တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့် ရှိသလိုလိုနဲ့ အချိန်မကုန်သင့်ပါလို့ ယူဆ ပါတယ်။ ပြည်နယ်/တိုင်းဒေသကြီးများနဲ့ ပြည်ထောင်စုဝန်ကြီးဌာနတို့ ချိတ်ဆက်မိရန် လိုတယ်လို့ သုံးသပ်လိုပါတယ်။

အနီးဆုံးဥပမာ ပြရလျှင် တရုတ်နိုင်ငံအတွင်းမှာဆိုလို့ရှိရင် အသေးစား ရေအား လျှပ်စစ်လုပ်ငန်း စီမံကိန်းများကို မဖွံ့ဖြိုးသေးတဲ့ ဒေသများမှာ၊ အသွားအလာခက်ခဲတဲ့ ဒေသများမှာ အကောင်အထည်ဖော်၊ လက်တွေ့ထွက်ပေါ်လာစေရန်အတွက် ဗဟိုအစိုးရကနေ ပြီးတော့ ကုန်ကျစရိတ်ရဲ့ သုံးပုံတစ်ပုံကို ထောက်ပံ့ပါတယ်။ သက်ဆိုင်ရာပြည်နယ်အစိုးရကို သုံးပုံတစ်ပုံ ထောက်ပံ့ပါတယ်။ ကာယကံရှင် အကျိုးရှိမယ့် ကျေးရွာများမှ ကျန်သုံးပုံတစ်ပုံကို ငွေကြေးနဲ့လည်းကောင်း၊ တည်ဆောက်ရေးပစ္စည်းထုတ်ပေး ပံ့ပိုးမှုဖြင့်လည်းကောင်း တာဝန်ယူ ဆောင်ရွက်တာကို ကျွန်တော်တို့ နမူနာယူသင့်ပါတယ်။

ကျွန်တော်တင်ခဲ့တဲ့ အဆို(၈)ခုနဲ့ ပတ်သက်ပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော် နောက်တစ်ခါ ခြုံငုံပြီးတော့ ဆွေးနွေးရလို့ရှိရင် ကျွန်တော်တို့ ကတိကဝတ်ကော်မတီကလည်းပဲ အတတ်နိုင်ဆုံး သူတို့ ကြိုးစားပြီးတော့ လုပ်ဆောင်ထားတာ ကျွန်တော်အသိအမှတ် ပြုပါတယ်။ အဆိုတော်တော်များများဟာဆိုရင် နိုင်ငံတော်ဘဏ္ဍာငွေကြေး များစွာကုန်ကျရန် မလိုဘဲနဲ့ ကျွန်တော် ဒီလိုကြန့်ကြာနေတာကို တွေ့ရှိရလို့လည်း တင်ပြရခြင်းဖြစ်ပါတယ်။ လုံလောက်တဲ့ အချိန်ရရှိရဲ့သားနဲ့ တစ်နှစ်ခွဲလောက်ရှိတဲ့တိုင်အောင်၊ နှစ်နှစ်လောက်ရှိတဲ့တိုင်အောင် ဒါဟာ ကျွန်တော်တို့ ဒါ လက်ခံနိုင်ဖွယ်မရှိတဲ့ ပြန်ကြားချက်မျိုးကို ကျွန်တော်ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒါ မေးခွန်းနဲ့ ပတ်သက်လို့ တင်ပြလို ပါတယ်။

ကျွန်တော့်ရဲ့ မဲဆန္ဒနယ် ကျောက်ပန်းတောင်းမြို့နယ်မှာ ကျွန်တော် ကျောက်ပန်းတောင်း-ပွေးကျစ် မော်တော်ကားလမ်းဟာ District ကောင်စီလမ်းမှာ အရင်တုန်းက District ကောင်စီလမ်းကြီးပါ။ ကျွန်တော်တို့ (၁၄)မိုင်ခန့် ဝေးပါတယ်။ ဒါကို ကျွန်တော်တို့က မေးပါတယ်။ ဒီလမ်းကို မြေသားအဆင့်၊ ကျောက်ချောအဆင့်၊ ကတ္တရာအဆင့် ဘယ်လိုလုပ်မလဲလို့ မေးတဲ့အခါမှာ ကျွန်တော်တို့ သက်ဆိုင်တဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနက ပြန်ကြားလာပါတယ်။ လက်ရှိ ကတ္တရာ တစ်မိုင်၊ ကျောက်ချောလမ်း တစ်မိုင်ခွဲ၊ ကျန်တဲ့ ဥစ္စာတွေကိုတော့ ပိုင်းပိုင်း ပိုင်းပိုင်းပြီးတော့ လုပ်သွားရာမှာ နောက်ဆုံးမှာ ပြီးဖို့လျာထားတာဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကျမှ ပြီးမယ်လို့ ဖော်ပြပါတယ်။ ကျွန်တော်ရောက်ခဲ့တဲ့ အဲဒီလမ်းကို ကျွန်တော် ရောက်ခဲ့ပါတယ်။ ရောက်ခဲ့အခါမှာ ပြီးထားတဲ့ တစ်မိုင်ခွဲ ကျောက်ချောလမ်း ဆိုတာလည်း ပျက်နေပါပြီ။ ကတ္တရာလမ်းကလည်းပဲ ပဲ့နေပါပြီ။ အဲဒီတော့ ကျွန်တော်တို့ ဒီလို မျှော်ပြီးတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ နယ်မြေ ကျေနပ်ရုံ ကျွန်တော်တို့ လုပ်တဲ့သဘောလို့တော့ ကျွန်တော် မယူဆပါဘူး။ အခက်အခဲ ရှိတယ်ဆိုတာကို ဝန်ကြီးဌာနမှာ ဘဏ္ဍာငွေ အခက်အခဲ၊ လူအခက်အခဲ၊ ပစ္စည်းအခက်အခဲ ကျွန်တော်တို့ နားလည် သဘောပေါက်ပါတယ်။ အကယ်၍ ဒီလမ်းထက် ပိုပြီးဦးစားပေးစရာရှိတဲ့ လမ်းဆိုလို့ရှိရင် ဒီလမ်းကို မပေးနိုင်သေးပါဘူး။

ကျွန်တော်တို့ ကျန်တဲ့ ဦးစားပေးတဲ့လမ်းကို ရန်ပုံငွေ၊ ပစ္စည်း၊ လူ ပံ့ပိုးပြီးတော့ ဆိုင်းငံ့ဖို့သင့်ပါတယ်။ ဒါ ကျွန်တော် နိုင်ငံတော်အတွက် ရည်ရွယ်ပြောခြင်း ဖြစ်ပါတယ်။ အခုဟာက နောက်ထပ် ၂၀၁၆-၂၀၁၇ ကျမှ အဓိက (၁၄)မိုင်ရှိတဲ့ ဒီ ဒစ္စရိဒ်ကောင်စီလမ်းကို ကျွန်တော်တို့ ဒါ အဲဒါလေးမျိုးကျတော့ ပြန်လည်ပြီးတော့ ကတိကဝတ် ကော်မတီက ဆွေးနွေးဖို့သင့်ပါတယ်လို့ ကျွန်တော်တင်ပြလိုခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကတိကဝတ်ကော်မတီအနေနဲ့ သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီး ဌာနများက ပြန်ကြားလာတဲ့ မေးခွန်းများ၊ အဆိုများအပေါ်မှာ ဒါ ကျွန်တော်တို့ Data Analysis၊ ဒါ လုပ်ယူဖို့လိုတယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ ကျွန်တော် တစ်ကြိမ်တက်ခဲ့တဲ့ ဖိတ်ကြားချက်အရ တက်ခဲ့တဲ့ ကတိကဝတ် ကော်မတီ အစည်းအဝေးမှာ ဆိုလို့ရှိရင် ဝန်ကြီးဌာန တော်တော်များပါတယ်။ ကျွန်တော်တို့ ထိုင်စရာတောင်မှ ကောင်းကောင်းသိပ်မရှိချင်ဘူး။

ကျွန်တော်တို့က အဲဒီအခါမျိုးမှာ စေတနာနဲ့ လုပ်တာတော့ မှန်ပါတယ်။ အချိန် သက်သာအောင်ပေါ့။ သို့သော်လည်းပဲ ဂယနဏနဲ့ ကျွန်တော်တို့ ဒါ မေးမြန်းနိုင်တာ၊ တစ်ဖက်ကလည်း တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ဖြေကြားနိုင်တဲ့ ပုဂ္ဂိုလ်တွေ ပါသလို မပါတဲ့ ဝန်ကြီးဌာနများကလည်း ရှိပါတယ်။ ဒါကြောင့် ဝန်ကြီးဌာန(၁၂)ခု ဖိတ်ကြားစရာရှိလို့ရှိရင် ကျွန်တော်ကတော့ အကြံပြုလိုတာကတော့ မှားချင် မှားပါမယ်။ ကျွန်တော် (၂)ဖွဲ့ခွဲပြီးတော့ (၂)ရက်ခွဲပြီးတော့ (၂)ကြိမ်ခွဲပြီးတော့ ကျွန်တော်တို့ ဒီလို ဖိတ်ကြားရင် အဆိုရှင် တွေကိုပဲဖြစ်ဖြစ်၊ မေးခွန်းရှင်ကိုပဲဖြစ်ဖြစ် လာတက်ပါဆိုလို့ရှိရင် ဒါဟာ ကျွန်တော်တို့ ပြေလည်မယ်လို့ ယူဆကြောင်းတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် အားလုံးကို။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနဲ့ ပတ်သက်ပြီး ပြန်ကြားခြင်းမရှိဘူးဆိုရင် အစိုးရမှာ အာမခံချက်လည်းမရှိဘူး၊ ကတိလည်း မရှိဘူး၊ တာဝန်ခံချက်လည်း မရှိဘူးဖြစ်သွားတော့မှာပေါ့။ အဲဒီတော့ New York Convention နဲ့ ပတ်သက်လို့ ၂၀၁၂ ခုနှစ်၊ မေလမှာ ဦးအောင်ထွန်း တို့ ကော်မရှင်ကနေ အဆို တင်တယ်၊ အတည်ဖြစ်တယ်။ နိုင်ငံတော်သမ္မတဆီက ဒီကိစ္စဆောင်ရွက်ခွင့်ဆိုပြီး သဝဏ်လွှာတင်တဲ့အခါမှာ အဲဒီအဆို အတည်ဖြစ်တဲ့အကြောင်းကို ရည်ညွှန်းဖော်ပြထားခြင်း မရှိပါဘူး။ အဲဒီတော့ ဒီအဆို အတည်ဖြစ်တာ နိုင်ငံတော်သမ္မတမှ သိရဲ့လား ဆိုတာလည်း စဉ်းစားရမယ်။

ဒါကြောင့် ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းတစ်ခုကို ဒီနေရာမှာ ဥက္ကဋ္ဌအနေနဲ့ ဆုံးဖြတ်ပေးဖို့ လိုပြီလို့ ယူဆတယ်။ အဲဒီတော့ကာ လွှတ်တော်စတင်တဲ့ ကာလကစပြီးတော့ ယနေ့အထိ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ ဖြစ်ပေါ်တဲ့ကိစ္စတွေ၊ ထို့အတူပဲနော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကိစ္စ၊ နိုင်ငံသားများ၏ အခွင့်အရေးဆိုင်ရာကိစ္စ၊ မူလအခွင့်ရေးနဲ့ ဒီမိုကရေစီအရေးနဲ့ဆိုင်တဲ့ကိစ္စ၊ တောင်သူလယ်သမား ကိစ္စ၊ အလုပ်သမားကိစ္စ စသည်ဖြင့် နစ်နာချက်တွေ တိုင်ကြားတဲ့ကိစ္စတွေ အားလုံးကို လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌ ဦးစီးပြီးတော့ လွှတ်တော်အခွင့်အရေးကော်မတီက အဓိကတာဝန်ယူပြီးတော့ ချက်ချင်း ဆောင်ရွက်သင့်တဲ့ကိစ္စလား၊ အလျင်အမြန်ဆောင်ရွက်သင့်တဲ့ ကိစ္စလား၊ ဦးစားပေးဆောင်ရွက် သင့်တဲ့ကိစ္စလား၊ အချိန်ကာလအားဖြင့် (၁)နှစ်ကြာခဲ့ပြီလား၊

(၆)လ ကြာခဲ့ပြီလား ဒါကို ခွဲခြားသတ်မှတ်ပါ။ လွှတ်တော်အခွင့်အရေးကော်မတီက သက်ဆိုင်ရာ ကော်မတီတွေကို အစည်းအဝေး ခေါ်ပြီး ထိုင်ပါ။ ဒီလို သတ်မှတ်တဲ့အခါမှာလည်း မှန်ကန်ပါစေ၊ တိကျပါစေ၊ လေးနက်ပါစေ။ ဘာကြောင့်လဲဆိုရင် အဲဒီကိစ္စတွေကို စိစစ်ပြီး လွှတ်တော် အခွင့်အရေးကော်မတီကအစိုးရ အဖွဲ့ရုံးကို Remind ထုတ်ပါ။ Remind ထုတ်ပြီးလို့ (၄)လကြာလို့မှ တုံ့ပြန်မှု တစ်စုံတစ်ရာ မရှိခဲ့သော် ဒါတွေကို လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော် သမ္မတထံကို သဝဏ်လွှာ ပေးပို့ပါဆိုတဲ့ အဆို လွှတ်တော်မှာ တင်သွင်းဆုံးဖြတ်ပြီး ဆောင်ရွက်ပါမယ်။

သဘောတူရဲ့လား။

[လွှတ်တော်က သဘောတူပါသည်။]

သဘောတူတယ်ဆိုရင် အခု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ညွှန်ကြားတဲ့ကိစ္စတွေကို လွှတ်တော်ရဲ့ လုပ်ထုံးလုပ်နည်းတစ်ရပ်အဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်တယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၁)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၁)ရက်နေ့အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစည်းအဝေးကို ၁၄း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]